ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

12.1.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၃) ဦး	စုံစမ်းဆဲ

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

ကရင်နီ(ကယား)ပြည်နယ်

ဇန်နဝါရီလ(၁၁)ရက်နေ့ည(၉)နာရီခန့်က လွိုင်ကော်မြို့နယ်၊ ပန်ကန်းရွာနှင့်ရွာတန်းရှည်ရွာအနီးတွင် ရန်သူစစ်တပ်နှင့် ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်များ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

ဇန်နဝါရီလ(၁၁)ရက်နေ့ည(၉)နာရီခန့်က ကန့်ဘလူမြို့နယ်၊ ကန့်ဘလူမြို့ စံပါယ်နံ့သာရွာတွင် အထိုင်ချထားသော ရန်သူတပ်သားနှင့်ပျူစောထီးများကို Kanbalu Underground Warriors၊ မြေပြင်လှုပ်ရှားညီနောင်များ၊ စွန်ရဲအဖွဲ့ မဟာမိတ်ညီနောင်များပူးပေါင်း၍ လက်နက်ကြီးများဖြင့် သွားရောက်ပစ်ခတ်ခဲ့သည်။

မန္တလေးတိုင်း

- ဇန်နဝါရီလ(၁၂)ရက်နေ့ည(၁၂)နာရီခန့်က ချမ်းမြသာစည်မြို့နယ်၊ (၈၄)လမ်း၊ ဦးပွားဂုံးကျော် အဆင်းလမ်းထောင့်ရှိ ဝသုန္ဒြေဓမ္မာရုံအတွင်း လူဦးရေစာရင်းကောက်နေသည့် ရန်သူတပ်သားများအား Special Task Force - Mandalay(STF - MDY)က ဗုံးထုတိုက်ခိုက်ခဲ့ရာ အရပ်ကား(၁)စီး ပျက်စီးသွားခဲ့ပြီး ရန်သူတပ်သားများဘက်မှ (၆)ချက်ခန့် ပြန်လည်ပစ်ခတ်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။
- ဇန်နဝါရီလ(၁၁)ရက်နေ့ညနေပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ (၆၂)လမ်း၊ (၁၁၅) လမ်းနှင့် (၁၁၆)လမ်းကြားရှိ ပြည်ကြီးတံခွန်မြို့မရဲစခန်းအား ACID Army PDF – MDY ကဗုံးဖြင့်တိုက်ခိုက်ခဲ့ကာ ရန်သူတပ်များဘက်ကလည်း ရမ်းသမ်းပစ်ခတ်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။
-

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပဲခူးတိုင်း

ဇန်နဝါရီလ(၁၁)ရက်နေ့ည(၇)နာရီခန့်က ထန်းတပင်မြို့နယ်တွင် ဇရပ်ကြီး အခြေစိုက် ခလရ (၇၃) ဘုမ္မတီး တပ်စခန်းကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(တောင်ငူခရိုင်)တပ်ရင်းအမှတ် ၃၅၀၁ တပ်ခွဲ-၂ မှ နန်းထိုက်အောင် စစ်ဆင်ရေးအဖြစ် M79 များဖြင့် အချက် ၃၀ ခန့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရန်သူတပ်ဖွဲ့ဝင် (၃) ဦးသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုများရှိကြောင်း ကနဦး သတင်းရရှိသည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

ကချင်ပြည်နယ်

ဇန်နဝါရီလ(၁၁)ရက်နေ့ည(၁၀)နာရီခန့်က ဖားကန့်မြို့နယ်၊ မရှိကထောင်ရပ်ကွက်ရှိ Happy KTVကို ရန်သူတပ်က ဝင်ရောက်စီးနင်း၍ အပန်းဖြေသူများအား လုယူရိုက်နှက်သွားကြောင်း သိရသည်။

ကရင်နီ(ကယား)ပြည်နယ်

ဇန်နဝါရီလ(၁၁)ရက်နေ့ညသန်းခေါင်အချိန်တွင် ဒီးမော့ဆိုမြို့နယ်၊ နန်းဟူးထွေရွာသို့ ရန်သူတပ်ဘက်က လက်နက်ကြီးများ အများအပြားပစ်ခတ်မှုကြောင့် ပြည်သူ့နေအိမ်တစ်လုံး မီးလောင်ပျက်စီးခဲ့သည်။

စစ်ကိုင်းတိုင်း

- ဇန်နဝါရီလ(၁၂)ရက်နေ့ညနေ(၄:၃၀)နာရီခန့်က ဝန်းသိုမြို့နယ်၊ ကျုံးကြီးကျေးရွာသို့ ကောလင်းမြို့မှ ထွက်လာသောခမရ(၃၆၉)ရန်သူတပ်သား(၆၀)ကျော်ကဝင်ရောက်ခဲ့ပြီးနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။
- ဇန်နဝါရီလ(၁၂)ရက်နေ့မနက်(၈)နာရီခန့်က ကောလင်းမြို့နယ်၊ ကောလင်းမြို့ လင်းလင်းဆေးဆိုင်မှ ပိုင်ရှင် ဦးဝင်းကိုနှင့်၎င်း၏ဇနီးတို့အား စစ်တပ်က လာရောက်ဖမ်းဆီးခဲ့ပြီး မနှင်းကြူလိုင်နှင့် မစုတို့၏ လက်ကိုင်ဖုန်းများကို ရန်သူတပ်သားများရရှိခဲ့ပြီး ဖုန်းအတွင်းရှိဆက်စပ်သူများကို လိုက်လံ ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။
- ဇန်နဝါရီလ(၁၁)ရက်နေ့မနက်(၁၀:၁၅)နာရီခန့်က ပုလဲမြို့နယ်၊ ညောင်းရင်းကုန်းရွာအား ကန့်ဒေါင့်စခန်းမှ ရန်သူတပ်သားများနှင့်ပျူစောထီးများက မီးရှို့ခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရန်ကုန်တိုင်း

- ဇန်နဝါရီလ(၁၁)ရက်နေ့က သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်တွင် လူငယ် (၂) ဦးကို ရန်သူတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ကြောင်း သိရသည်။
- ဇန်နဝါရီလ(၁၁)ရက်နေ့က လမ်းမတော်မြို့နယ်၊ အင်းဝအအေးဆိုင်အနီးတွင် လူငယ် (၅) ဦးကို ရန်သူအဖွဲ့ဝင်များက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်း

ဇန်နဝါရီလ(၁၁)ရက်နေ့က လောင်းလုံးမြို့နယ်၊ ဟင်းချိုတောကျေးရွာသို့ ကျောက်နီမော်ကျေးရွာမှ ရန်သူတပ်နှင့် ပျူစောထီးအင်အား (၂၀)ခန့် ဝင်ရောက်လာကာ ပြည်သူပိုင်နေအိမ်(၄)လုံးကို မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။